# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 5/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၄)ရက်နေ့မနက်(၁၁:၃၀)နာရီခန့်က ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အကြား နန်းဖဲကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာတွင် စကစနှင့် KNDF B-16၊ KA တို့(၅)နာရီကြာ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စကစတပ်သား (၅)ဦးသေဆုံးပြီး KNDF ရဲဘော်တစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

### ချင်းပြည်နယ်

- မတ်(၅)ရက်နေ့မနက်(၅:၅၅)နာရီခန့်က ဖလမ်းမြို့နယ်၊ ရိုခေါ်ဒါရ်ရှိ စကစတပ်စခန်းကုန်းကို ချင်းပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက သွားရောက်တိုက်ခိုက်ရာ စကစတပ်သား (၅)ဦး သေဆုံးပြီး အများပြား ဒဏ်ရာရကြောင်း သိရသည်။
- မတ်(၄)ရက်နေ့နေ့လယ်(၁:၄၀)နာရီခန့်က ကန်ပက်လက်နှင့်ကျောက်ထုကြားတွင် စကစတပ်မှ စစ်ကြောင်း(၃)ကြောင်းဖြင့် စစ်ကြောင်းထိုးသဖြင့် CDF-Kanpetlet ကခုခံတိုက်ခိုက်ရာ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စကစတပ်သား(၇)ဦးသေဆုံးကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၅)ရက်နေ့မနက်ပိုင်းက ယင်းမာပင်မြို့နယ်၊ နှောရိုး-ကောင်းကင့်ကျေးရွာကြားတွင် စကစကား များကို မြောက်ယမားပြည်သူ့ကာကွယ်ရေးအဖွဲ့နှင့်ဒေသခံPDFအဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။
- မတ်(၅)ရက်နေ့မနက်(၆)နာရီခန့်က ကသာမြို့နယ်၊မော်လူးမြို့နှင့်နဘားမြို့ကြားတွင် စက်သေနတ် တင် ပွိုင့်ကား(၁) စီး၊ ဆီဘောက်ဆာ(၇)စီး၊ ကုန်ကား(၁၅)စီး၊ ကားသေး(၄)စီးနှင့် လာကြိုသည့် ကား (၂)စီး စုစုပေါင်း(၂၉)စီးပါ စကစယာဉ်တန်းအား ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက မိုင်းဆွဲ တိုက်ခိုက်ခဲ့ပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် စကစကား(၁)စီး ပျက်စီးခဲ့ပြီး တပ်သား (၂၅)ဦးသေဆုံးကာ (၁၀)ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။
- မတ်(၄)ရက်နေ့နေ့လယ်(၁၂)နာရီခန့်က ကွန်းလှမြို့နယ်၊ ဝေလမူကျေးရွာရှိ ခမရ (၃၆၅) စကစ တပ်သားများနှင့်ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုများကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

### မကွေးတိုင်း

မတ်(၃)ရက်နေ့နေ့လယ်ပိုင်းနှင့်မတ်(၄)ရက်နေ့မနက်(၆)နာရီမှ (၁၁)နာရီအချိန်များတွင် ချင်းပြည်နယ်မှ မကွေးတိုင်း၊ဆောမြို့နယ်အတွင်းသို့ဝင်လာသည့် စကစတပ်သားအင်အား(၁၅၀)ကျော်ကို ကတောင်းတောင် နှင့်ဆောမြို့ကြား(၈)မိုင်ခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့်CDF(ကန်ပက်လက်)တို့ အတူပူးပေါင်း ခုခံတိုက်ခိုက်ခဲ့ရာ (၂)ရက်အတွင်း စကစတပ်သားအနည်းဆုံး(၆)ဦး သေဆုံးပြီး ဒဏ်ရာရရှိသူများပြား နိုင်ကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## မန္တလေးတိုင်း

မတ်(၅)ရက်နေ့မနက်(၇:၃၀)နာရီခန့်က နွားထိုးကြီးမြို့နယ်သို့ ထွက်ခွာလာသော စကစကားတစ်စီးအား Natogyi PDFအဖွဲ့က မိုင်းဖြင့်(၂)ကြိမ် တိုက်ခိုက်ခဲ့ရာ စကစတပ်သားများထိခိုက်မှုများပြားခဲ့ပြီး မိုင်းထိသော စကစများကို နီးစပ်ရာနွားချေးချသည့် ကားနှင့်တင်ဆောင်သွားခဲ့သည်။

## ရန်ကုန်တိုင်း

မတ်(၅)ရက်နေ့မနက်(၈:၄၅)နာရီခန့်က ကျောက်တန်းမြို့နယ်လျှပ်စစ်ရုံးရှေ့တွင်ရှိသည့် စကစကင်းစခန်းကို ကျောက်တန်း(CRF)နှင့်သုံးခွ(TYF) တို့ပူးပေါင်းပြီး အဝေးထိန်းမိုင်းဖြင့် တိုက်ခိုက်ခဲ့ရာ စကစတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

# စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်နီ(ကယား)ပြည်နယ်

မတ်(၄)ရက်နေ့က ဖရူဆိုမြို့နယ်၊ နန်းဖဲကျေးရွာအုပ်စု၊ သာယာကုန်းနှင့်ကွက်သစ်ရပ်ကျေးရွာတို့တွင် စကစ တပ်မှစစ်ကြောင်းထိုးဝင်ရောက်လာပြီး ပြည်သူပိုင်နေအိမ် (၅)လုံးကို မီးရှို့ဖျက်ဆီးကာ ကွက်သစ်ကျေးရွာနေ အရပ်သားပြည်သူ (၂) ဦးကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ကြောင်းသိရသည်။

## ချင်းပြည်နယ်

မတ်(၄)ရက်နေ့က ဟားခါးမြို့နယ်၊ ချွန်ကျုံးရွာတွင် ညအိပ်ခဲ့သော စကစတပ်သားများမှ ကျေးရွာအတွင်းရှိ နေအိမ်များကို ဖောက်ထွင်းခိုးယူသွားကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

- မတ်(၅)ရက်နေ့က ခင်ဦးမြို့နယ်၊ဒန်းကုန်းကျေးရွာကို စကစတပ်သားအင်အား(၁၀၀)ခန့်မှ မီးရှို့ဖျက်ဆီးခဲ့ပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အသက်(၅)နှစ်ရွယ် ကလေး(၁)ဦး လက်နက်ကြီး ထိမှန်ထားပြီး စစ်ဘေးရှောင်များလည်း အကူအညီလိုအပ်လျက်ရှိသည်။
- မတ်(၅)ရက်နေ့၊နေ့လယ်ပိုင်းက ဒီပဲယင်းမြို့နယ်၊ဝဘာကျေးရွာသို့ ဒီပဲယင်းရဲစခန်းမှ စကစတပ်သား (၂၀)ဦး ဝင်ရောက်ရှာဖွေပြီး နေအိမ်တချို့ကို မီးရှို့သွားခဲ့သည်။

## မကွေးတိုင်း

- မတ်(၄)ရက်၊နေ့လယ်ပိုင်းက ပခုက္ကူမြို့နယ်၊ပခုက္ကူမြို့ရှောင်လမ်းရှိ စကစစစ်ဆေးရေးဂိတ်တွင် ပခုက္ကူနည်းပညာတက္ကသိုလ် ပထမနှစ်မှ ကိုလင်းဆက်အောင်အပါအဝင်လူငယ်(၄)ဦး ဖမ်းဆီးခံခဲ့ ရသည်။
- မတ်(၄)ရက်နေ့က တောင်တွင်းကြီးမြို့နယ်၊သဲဖြူကျေးရွာမှ ဒေသခံပြည်သူ(၃၀)ဦးကို ကျေးရွာ အုပ်ချုပ်ရေးမှူးမှ ဖမ်းဆီးခိုင်းသဖြင့် စကစတပ်သားများမှ ဖမ်းဆီးသွားခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 5/3/2022

**<u>ရန်ကုန်တိုင်း</u>**

မတ်(၄)ရက်နေ့က လှည်းကူးမြို့နယ်မှ အမျိုးသမီး(၃)ဦးကို K pay(မိုဘိုင်းငွေချေစနစ်)အသုံးပြုပြီး PDFကို ငွေကြေးထောက်ပံ့သည်ဟု စွပ်စွဲကာ စကစမှဖမ်းဆီးခဲ့ကြောင်း သိရသည်။

**<u>ဧရာဝတီတိုင်း</u>**

မတ်(၅)ရက်နေ့က အင်္ဂပူမြို့မှ မအူပင်မြို့နယ်သို့ပြောင်းလာသည့် စခန်းမှူးအသစ်က ပရဟိတသမားနှင့် လူငယ်များကို မတရားဖမ်းဆီးကာ ပိုက်ဆံတောင်းယူနေပြီး ပိုက်ဆံမပေးနိုင်သူများကို ပုဒ်မ(၅၀၅)ဖွင့်ပြီး အရေးယူလျက်ရှိကြောင်း သိရသည်။

*<u>မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။</u>*